# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး

# ၁၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၅ - ၆ - ၂၀၁၇ ]

# (ကြာသပတေးနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမည်ပေါက် မြို့တစ်မြို့ဖြစ်သော ပေါက်တောမြို့ကို မြို့မြေဧရိယာ နယ်နိမိတ်အဖြစ် သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ် ကျေးရွာအုပ်စုရှိ သိမ်ဇရပ် ကျေးရွာကို မြို့အဖြစ် သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မှော်ဘီချောင်းဝ ကျေးရွာအုပ်စု၊ သိုက်ကုန်းကျေးရွာနှင့် နှောကုန်းကျေးရွာများရှိ အိမ်ထောင်စု(၁၅၈)စု၊ မိသားစု(၄၇၉)စု တို့သည် မှော်ဘီမြို့နယ်ကောင်စီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှ စတင်၍ မြေလွတ် ၂၈၀ ဧကပေါ်တွင် လူနေအိမ်နှင့် သီးနှံစိုက်ပျိုးရေး လုပ်ကိုင် စားသောက်ခွင့်ပြုထားခဲ့သောကြောင့် အဆိုပါ မြေကွက်ပေါ်တွင် ဆက်လက် နေထိုင်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ဆင်၊ ကျွဲ၊ နွားများ အတွက် စားကျက်မြေ သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မြို့မစည်ပင်သာယာဈေးကြီး၏ ပျံကျဈေးသစ် နေရာအား ကိုယ်ကျိုးအတွက် ရောင်းချထားသူများကို အရေးယူပေးရန်နှင့် ကူးတို့ခကို သတ်မှတ်နှုန်းထက်ပို၍ ကောက်ခံမှုကို အရေးယူ ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မြန်မာနိုင်ငံ အတွင်းရှိ အကျဉ်းထောင် ၆၆ ထောင်အတွက် အကျဉ်းထောင် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာ သီးသန့် ခန့်အပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ခ ) ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊
ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဂ ) ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၁၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။